# ဒေသဆိုင်ရာသဘောတူစာချုပ်များအရ နိုင်ငံဖြတ်သန်း ကုန်စည်နှင့်ခရီးသည်များ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရာတွင် အသုံးပြုမည့်မော်တော်ယာဉ်များနှင့်ပတ်သက်၍ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ မော်တော်ယာဉ်မှတ်ပုံတင်နှင့် မော်တော်ယာဉ် စစ်ဆေးခြင်းဆိုင်ရာ စစ်ဆေးရမည့် စံပြုလုပ်ငန်းစဉ်များ (Standard Operating Procedures – SOPs)

## နိဒါန်း

၁။ မြန်မာနိုင်ငံသည် **အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)** သို့ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်တွင်လည်းကောင်း၊ **မဟာမဲခေါင်ဒေသခွဲနိုင်ငံများ(ဂျီအမ်အက်စ်)** သို့ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင်လည်းကောင်း အဖွဲ့ဝင်နိုင်ငံအဖြစ် စတင်ဝင်ရောက်ခဲ့ပါသည်။ ထို့ကြောင့် အဆိုပါ ဒေသတွင်းဖွဲ့စည်းထားသောအဖွဲ့များအကြားတွင် သဘောတူလက်မှတ်ရေးထိုးထားသည့် ကုန်းလမ်းဖြင့် နိုင်ငံဖြတ်သန်းသယ်ယူပို့ဆောင်ရေးဆောင်ရွက်မည့် သဘောတူစာချုပ်များနှင့် အခြားနှစ်နိုင်ငံကြား သို့မဟုတ် သုံးနိုင်ငံကြားချုပ်ဆိုထားသည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ သဘောတူစာချုပ်များအား ချုပ်ဆိုအကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်များမှာ နိုင်ငံဖြတ်ကျော်၍ ကုန်းလမ်းဖြင့် ခရီးသည်နှင့်ကုန်စည်များပို့ဆောင်မှုကို ထိရောက်လျင်မြန်အောင် ဆောင်ရွက်နိုင်စေရန်၊ ကုန်သွယ်ရာတွင် စရိတ်စကနှင့်ကြာမြင့်ချိန်ကိုလျှော့ချနိုင်ပြီး လုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်စေရန်၊ အကျိုးရှိထိရောက်ပြီး စုစည်းညီညွတ်သော နိုင်ငံဖြတ်သန်းပို့ဆောင်ရေးစနစ်ကို အကောင်အထည်ဖော်နိုင်စေရန်ဖြစ်ပါသည်။

၃။ အဆိုပါ ရည်ရွယ်ချက်များကို ပြည့်မြောက်စေရန်အတွက် နိုင်ငံဖြတ်သန်းသယ်ယူပို့ဆောင်ရေးနှင့်စပ်လျဉ်းသည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဦးစီးဌာနကထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများအပြင် ဤ**စံပြုလုပ်ငန်းစဉ်များ (Standard Operating Procedures – SOPs)** ကိုပါလိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၄။ SOPs များသည် လိုအပ်သလို သုံးသပ်ပြင်ဆင်သွားမည့်လမ်းညွှန်ချက် (Living Guidelines) အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။

**ဆောင်ရွက်မည့်လုပ်ငန်းစဉ်အဆင့်အဆင့်**

၅။ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းအကြောင်းကြားလာပါက လုပ်ငန်းဆောင်ရွက်သူထံမှ (မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (RCMV)၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် (VIC)၊ နောက်တွဲယာဉ်၏ မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်တို့၏ မူရင်းများအပါအဝင်) ကို ရုံးချုပ်ရှိ ယာဉ်မောင်းလိုင်စင်ဌာန (အာဆီယံဌာနစိတ်) က လက်ခံရယူခြင်း၊

( ခ ) မော်တော်ယာဉ်မှတ်ပုံတင်ဌာန၊ ယာဉ်မောင်းလိုင်စင်ဌာနနှင့် ယာဉ်စစ်ဆေးရေးဌာနများသို့ လိုအပ်သည်များ စိစစ်ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်း၊

( ဂ ) ယာဉ်စစ်ဆေးခြင်းကို ဆောင်ရွက်မည့် ပြည်နယ်/ တိုင်းဒေသကြီး/ တိုင်းဒေသကြီးရုံးခွဲ/ နေပြည်တော်ရုံး/ တွဲဖက်ပြည်နယ်ရုံး/ ပြည်နယ်ရုံးခွဲ/ ခရိုင်ရုံးများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုကို ယာဉ်စတင်စစ်ဆေးသည့်ရက်မှစတင်၍ (၃)ရက်အတွင်း အပြီးဆောင်ရွက်၍ ရုံးချုပ်ရှိ ယာဉ်စစ်ဆေးရေးဌာနသို့ ပြန်လည်ပေးပို့ခြင်း၊

(ဃ) ယာဉ်စစ်ဆေးရေးဌာနက လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်ပြီး ယာဉ်မောင်းလိုင်စင်ဌာန (အာဆီယံဌာနစိတ်) သို့ ပြန်လည်ပေးပို့ခြင်း၊

( င ) ယာဉ်မောင်းလိုင်စင်ဌာန (အာဆီယံဌာနစိတ်) က အပြီးသတ်စိစစ်မှုများ ဆောင်ရွက်ပြီး အမှုတွဲအား ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသို့ ပြန်လည်ပေးပို့ခြင်း။

**ဆောင်ရွက်မည့်နည်းလမ်း**

၆။ ဆောင်ရွက်မည့်နည်းလမ်းများကို အောက်ပါအတိုင်း အပိုင်း (၂) ပိုင်းခွဲခြား၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) အပိုင်း (၁) ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်နှင့် မော်တော်ယာဉ်မှတ်ပုံတင်ဆိုင်ရာ မှတ်တမ်းစိစစ်ခြင်း၊

( ခ ) အပိုင်း (၂) ၊ မော်တော်ယာဉ်စစ်ဆေးခြင်း။

၇။ **အပိုင်း (၁)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်နှင့် မော်တော်ယာဉ်မှတ်ပုံတင်ဆိုင်ရာ မှတ်တမ်းစိစစ်ခြင်း။** မှတ်တမ်းစိစစ်ခြင်းအား အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည် –

(က) **ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်မှတ်တမ်းစိစစ်ခြင်း။** ရုံးချုပ်ရှိ ယာဉ်မောင်းလိုင်စင်ဌာနအနေဖြင့် အောက်ပါတို့ကို စိစစ်ဆောင်ရွက်ရပါမည် –

(၁) ယာဉ်မောင်းလိုင်စင်အတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ – မရှိ

(ကက) ယာဉ်မောင်းနှင်သူသည် သက်တမ်းရှိ "င" လိုင်စင် (Driving License Category "E") ကိုင်ဆောင်သူဖြစ်ခြင်း၊

( ခခ ) ယာဉ်မောင်းလိုင်စင်သည် အနည်းဆုံး (၂) လသက်တမ်း ကျန်ရှိခြင်း၊

( ဂဂ ) ဤဦးစီးဌာန၏ ယာဉ်မောင်းလိုင်စင် ယာယီရပ်ဆိုင်းနှင့် ဖျက်သိမ်းစာရင်းတွင် ပါဝင်မှုမရှိခြင်း၊

(ဃဃ) အဆိုပါယာဉ်မောင်းနှင်သူသည် ဖြတ်သန်းသယ်ယူပို့ဆောင်ရေး ဆောင်ရွက်မည့် သက်ဆိုင်ရာစာချုပ်ဝင်နိုင်ငံ သို့မဟုတ် စာချုပ်ဝင်နိုင်ငံများက သတ်မှတ်ထားသော မော်တော်ယာဉ်သွားလာမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို နားလည်လိုက်နာရန် တာဝန်ယူကြောင်း International Operator License ရရှိသည့် ကုမ္ပဏီတာဝန်ရှိသူ၏ ထောက်ခံချက်ပါရှိခြင်း။

(၂) ယာဉ်အကူလိုင်စင်အတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှု ရှိ – မရှိ –

(ကက) ယာဉ်အကူသည် သက်တမ်းရှိ "စပယ်ယာ" လိုင်စင် (Spareman License) ကိုင်ဆောင်သူဖြစ်ခြင်း၊

( ခခ ) ယာဉ်အကူလိုင်စင်သည် အနည်းဆုံး (၂) လ သက်တမ်းကျန်ရှိခြင်း၊

( ဂဂ ) ဤဦးစီးဌာန၏ လိုင်စင်ယာယီရပ်ဆိုင်းနှင့် ဖျက်သိမ်းစာရင်းတွင် ပါဝင်မှုမရှိခြင်း၊

(ဃဃ) အဆိုပါယာဉ်အကူသည် ဖြတ်သန်းသယ်ယူပို့ဆောင်ရေးဆောင်ရွက်မည့် သက်ဆိုင်ရာ စာချုပ်ဝင်နိုင်ငံ သို့မဟုတ် စာချုပ်ဝင်နိုင်ငံများက သတ်မှတ်ထားသော မော်တော်ယာဉ်သွားလာမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို နားလည်လိုက်နာရန် တာဝန်ယူကြောင်း International Operator License ရရှိသည့် ကုမ္ပဏီတာဝန်ရှိသူ၏ ထောက်ခံချက်ပါရှိခြင်း။

( ခ ) **မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာမှတ်တမ်းစိစစ်ခြင်း။** ရုံးချုပ်ရှိ မော်တော်ယာဉ်မှတ်ပုံတင်ဌာနအနေဖြင့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (RCMV) တို့အား အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(၁) သက်ဆိုင်ရာမှတ်ပုံတင်ရုံးများအနေဖြင့် မော်တော်ယာဉ်များ ယာဉ်လာရောက်စစ်ဆေးမှုခံယူပါက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) (စာအုပ်အမှတ်နှင့် ဟိုလိုဂရမ်အမှတ်အပါအဝင်)နှင့် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (RCMV) (အပိုင်းအမှတ်နှင့် ဟိုလိုဂရမ်အမှတ်အပါအဝင်) အချက်အလက်များအား မှတ်တမ်းနှင့်တိုက်ဆိုင်စစ်ဆေးအတည်ပြု၍ ရုံးချုပ်ရှိ မော်တော်ယာဉ်မှတ်ပုံတင်ဌာနသို့ တင်ပြခြင်း သို့မဟုတ် သက်ဆိုင်ရာရုံးများအနေဖြင့် မိမိရုံး၏ မှတ်ပုံတင်ယာဉ် မဟုတ်ပါက သက်ဆိုင်ရာမှတ်ပုံတင်ရုံးများသို့ စိစစ်မေးမြန်း အတည်ပြု၍ ရုံးချုပ်ရှိ မော်တော်ယာဉ်မှတ်ပုံတင်ဌာနသို့ တင်ပြခြင်း၊

(၂) ရုံးချုပ်ရှိ မော်တော်ယာဉ်မှတ်ပုံတင်ဌာနအနေဖြင့် သက်ဆိုင်ရာရုံးများက ယာဉ်စစ်ဆေးအတည်ပြု၍ တင်ပြလာသည့် အချက်အလက်များအား **နောက်ဆက်တွဲ (က)** ပါအတိုင်း ထပ်ဆင့်အတည်ပြုစစ်ဆေး၍ ရုံးချုပ်ရှိ ယာဉ်မောင်းလိုင်စင်ဌာန (အာဆီယံဌာနစိတ်) သို့ ဆက်လက်လွှဲပြောင်းပေးပို့ခြင်း။

၈။ **အပိုင်း (၂)၊ မော်တော်ယာဉ်စစ်ဆေးခြင်း။** မော်တော်ယာဉ်စစ်ဆေးရန်အတွက် တစ်ဖက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နိုင်ငံဖြတ်သန်းကုန်စည်နှင့် ခရီးသည်များ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုမည့် မော်တော်ယာဉ်များအား ရုံးချုပ်ရှိ ယာဉ်စစ်ဆေးရေးဌာနက ယာဉ်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အကြောင်းကြားလျှင် သက်ဆိုင်ရာရုံးများက ယာဉ်စစ်ဆေးပေး ရမည်၊

( ခ ) သက်တမ်းရှိ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)၊ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် (RCMV) နှင့် မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် (VIC) အထောက်အထားများရယူရမည်၊

( ဂ ) နိုင်ငံဖြတ်သန်း သယ်ယူပို့ဆောင်ရာတွင် အသုံးပြုမည့် မော်တော်ယာဉ်အမျိုးအစား များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခရီးသည်တင်ယာဉ် (မီနီဘတ်စ်၊ ဘတ်စ်)၊

(၂) ကုန်တင်ယာဉ်၊

(၃) ချိတ်တွဲယာဉ် (ချိတ်ဆွဲယာဉ် + နောက်တွဲယာဉ်)။

(ဃ) မော်တော်ယာဉ်စစ်ဆေးရာတွင် အောက်ပါအချက်များကို စစ်ဆေးဆောင်ရွက်ရမည် -

(၁) မှတ်ပုံတင်ထားသည့်ယာဉ်နှင့် မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊

(၂) မျက်မြင် (Visual Inspection) စစ်ဆေးခြင်း၊

(၃) စက်ကိရိယာများဖြင့် စစ်ဆေးခြင်း။

( င ) ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားသည့် မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းစဉ် အဆင့်ဆင့် **နောက်ဆက်တွဲ (ခ)** အတိုင်း စစ်ဆေးပေးရမည်၊

( စ ) မော်တော်ယာဉ်များအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အောက်ဖော်ပြပါစက် ကိရိယာများဖြင့် စစ်ဆေးပေးရမည် -

| စဉ် | စစ်ဆေးသည့်အချက် | စစ်ဆေးသည့်ကိရိယာ |
|---|---|---|
| ၁ | ယာဉ်အလေးချိန် | Weight Bridge |
| ၂ | ရှေ့ဘီးများဘေးချော်ထွက်မှု ရှိ/မရှိ | Side Slip Tester |
| ၃ | ရှေ့မီးကြီးအလင်းနှင့် ချိန်ညှိမှု မှန်/မမှန် | Head Light Tester |
| ၄ | ဘီးများ၏ ဘရိတ်စွမ်းရည် | Brake Tester |

| စဉ် | စစ်ဆေးသည့်အချက် | စစ်ဆေးသည့်ကိရိယာ |
|---|---|---|
| ၅ | မီးခိုးထွက်ရှိမှုအခြေအနေ | Exhaust Emission Tester |
| ၆ | အသံဆူညံမှု | Noise Level Meter |
| ၇ | အမြန်နှုန်း | Speedometer |
| ၈ | ယာဉ်ကိုယ်ထည်အောက်ပိုင်းကြွခိုင်မှု | Pit Inspection & Axle Play Detector |

(ဆ) မော်တော်ယာဉ်စစ်ဆေးသူသည် အောက်ပါစစ်ဆေးချက်များမှ တစ်ခုခုတွေ့ရှိရပါက ယာဉ်စစ်ဆေးပေးခြင်းကို ငြင်းဆိုရမည် -

(၁) ယာဉ်စစ်ဆေးရေးဌာနမှ တောင်းဆိုသောအခါတွင် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) (သို့) ယာဉ်မှတ်ပုံတင်ဆိုင်ရာ အထောက်အထား မတင်ပြနိုင်ခြင်း၊

(၂) ခရီးသည်နှင့် ကုန်ပစ္စည်းများတင်ဆောင်ထားခြင်း၊

(၃) စစ်ဆေးပါက မော်တော်ယာဉ်ကိုဖြစ်စေ၊ ပတ်ဝန်းကျင်ကိုဖြစ်စေ ထိခိုက်ပျက်စီးမှုဖြစ်စေနိုင်ခြင်း၊

(၄) မော်တော်ယာဉ်သည် စစ်ဆေးမှုပြုလုပ်ရန် ခက်ခဲလောက်အောင် ညစ်ပေနေသောအခြေအနေမျိုးကဲ့သို့ရှိခြင်း။

၉။ **ယာဉ်မောင်းနှင်သူနှင့် ယာဉ်အကူတို့ သိရှိလိုက်နာရမည့်အချက်များ။** ယာဉ်မောင်းနှင်သူနှင့်ယာဉ်အကူတို့ သိရှိလိုက်နာရမည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ယာဉ်မောင်းနှင်သူသည် နိုင်ငံဖြတ်သန်းသယ်ယူပို့ဆောင်ခြင်း ခရီးစဉ်တစ်လျှောက် အောက်ပါစာရွက်စာတမ်းများအား သယ်ဆောင်သွားရမည် -

(၁) သက်တမ်းရှိ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် (Registration Certificate of a Motor Vehicle–RCMV) (မူရင်း)၊

(၂) သက်တမ်းရှိ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် (Vehicle Inspection Certificate – VIC) (မူရင်း)၊

(၃) သတ်မှတ်ထားသည့် သက်တမ်းရှိ ယာဉ်မောင်းလိုင်စင်(မူရင်း)၊

(၄) သယ်ယူပို့ဆောင်မှုဆောင်ရွက်သူလိုင်စင်/ လုပ်ငန်းမှတ်ပုံတင်သက်သေခံလက်မှတ် မူရင်း (သို့မဟုတ်) မိတ္တူ၊

(၅) မော်တော်ယာဉ်များ နိုင်ငံဖြတ်သန်းသွားလာခွင့်ပါမစ်နှင့်စတစ်ကာ (မူရင်း)၊

(၆) မော်တော်ယာဉ်အတွက် မထားမနေရသူ တစ်ပါးထိခိုက်မှုအာမခံ (Third Party Liability Insurance Cover for Vehicle)၊

(၇) ကုန်ပစ္စည်းစာရင်း (Consignment Note/Waybill)[ကုန်တင်ယာဉ်များအတွက်]၊

(၈) ခရီးသည်စာရင်းနှင့် ခရီးသည်ပစ္စည်းများစာရင်း [ခရီးသည်တင်ယာဉ်များအတွက်]၊

(၉) ဖြတ်သန်းသယ်ယူပို့ဆောင်ရာတွင် မော်တော်ယာဉ်နှင့်အတူ တစ်ပါတည်းပါရှိရမည့် အကောက်ခွန်အထောက်အထား (Transit Accompanying Documents–TAD)၊

(၁၀) အကောက်ခွန်ဦးစီးဌာနမှ တောင်းခံသော အခြားလိုအပ်သည့် အထောက်အထားများ၊

(၁၁) သက်တမ်းရှိ နိုင်ငံကူးလက်မှတ်(Passport) နှင့် (လိုအပ်ပါက) ဗီဇာ။

( ခ ) ယာဉ်အကူသည် ၎င်း၏သက်တမ်းရှိ ယာဉ်အကူလိုင်စင်၊ သက်တမ်းရှိ နိုင်ငံကူးလက်မှတ် (Passport) နှင့် (လိုအပ်ပါက) ဗီဇာတို့ကို ခရီးစဉ်တစ်လျှောက် သယ်ဆောင်သွားရမည်၊

( ဂ ) ဝန်ကြီးဌာန၏ သီးခြားခွင့်ပြုချက်ရရှိပြီးဖြစ်သည့် ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို နိုင်ငံဖြတ်သန်း သယ်ယူပို့ဆောင်မည့်မော်တော်ယာဉ်အား မောင်းနှင်မည့်ယာဉ်မောင်းနှင်သူဖြစ်ပါက သယ်ဆောင်လာသည့် ပစ္စည်းအမျိုးအစားအလိုက် လမ်းခရီး၌ မတော်တဆမှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်အစီအမံများကို နားလည်လုပ်ဆောင်နိုင်ရမည်။ အန္တရာယ်ကင်းရှင်းစေရေး လိုအပ်သည့်ပစ္စည်းကိရိယာများ(Safety Equipment) ကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပြီး ၎င်းတို့ကို အသုံးပြုနိုင်ရမည်၊

(ဃ) ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို နိုင်ငံဖြတ်သန်းသယ်ယူပို့ဆောင်ခြင်းအပါအဝင် နိုင်ငံဖြတ်သန်းကုန်စည်နှင့်ခရီးသည်များ နယ်စပ်ဖြတ်ကျော်

သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ သိရှိထားသင့်သည့် **နောက်ဆက်တွဲ (ဂ)** ပါဥပဒေနှင့်နည်းဥပဒေများ၊ သဘောတူစာချုပ်မူရင်းများနှင့် ဘာသာပြန်များအစရှိသည်တို့ကို www.rtad.gov.mm နှင့် www.myanmarrtad.com တို့တွင် လွှင့်တင်ထားပြီးဖြစ်ပါသည်။

## အုပ်ချုပ်မှုနှင့်ဆက်သွယ်ရေး

၁၀။ နိုင်ငံဖြတ်သန်း ကုန်စည်နှင့်ခရီးသည်များ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၊ ဖုန်းနံပါတ် ၀၆၇-၄၀၅၁၄၁၊ ၀၆၇-၄၀၅၁၄၄၊ Fax-၀၆၇-၄၀၅၁၄၄၊ Email-rasean123@gmail.com သို့လည်းကောင်း၊ **နောက်ဆက်တွဲ (ဃ)** ပါအတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်ရုံးများ၏ Email နှင့် Viber များသို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## နိဂုံး

၁၁။ SOPs ရေးဆွဲထုတ်ပြန်ခြင်းသည် နိုင်ငံဖြတ်သန်း၍ ကုန်စည်နှင့်ခရီးသည်များအား သယ်ယူပို့ဆောင်ရာတွင် အသုံးပြုမည့်မော်တော်ယာဉ်များနှင့်ပတ်သက်၍ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်ဆိုင်ရာမှတ်တမ်းစိစစ်ခြင်း၊ မော်တော်ယာဉ်မှတ်ပုံတင်ဆိုင်ရာမှတ်တမ်းစိစစ်ခြင်းနှင့် မော်တော်ယာဉ်များကို သတ်မှတ်စံနှုန်းများနှင့်ကိုက်ညီမှုရှိစေရေး စစ်ဆေးရာ၌ ဒေသဆိုင်ရာသဘောတူစာချုပ်များပါ သတ်မှတ်ချက်များနှင့်ကိုက်ညီစေရန်၊ အခြားစာချုပ်ဝင်နိုင်ငံများနှင့် လိုက်လျောညီထွေရှိစေရန်၊ လုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်၊ အခြားသော နိုင်ငံတစ်နိုင်ငံ၏ နယ်မြေအတွင်းသို့ နိုင်ငံဖြတ်သန်းဝင်ရောက်ချိန်၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာမှုနှင့် အခက်အခဲများ မရှိစေရန်နှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု၏ အန္တိမရည်မှန်းချက်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရေး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ဤ SOPs ပါသတ်မှတ်ချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

နောက်ဆက်တွဲ (က)

## မော်တော်ယာဉ်မှတ်ပုံတင်ဌာနအနေဖြင့် စိစစ်ရမည့်အချက်အလက်များ

| | | |
|---|---|---|
| ၁။ | ယာဉ်အမှတ် | - |
| ၂။ | အမျိုးအမည် | - |
| ၃။ | အမျိုးအစား | - |
| ၄။ | စက်အမှတ် | - |
| ၅။ | ဘောင်အမှတ် | - |
| ၆။ | ကုန်ဆုံးရက် | - |
| ၇။ | ဆေးရောင် | - |
| ၈။ | ထုတ်လုပ်သည့်ခုနှစ် (Model Year) | - |
| ၉။ | ပိုင်ရှင်အမည် | - |
| ၁၀။ | နေရပ်လိပ်စာ | - |
| ၁၁။ | မှတ်ပုံတင်ရုံး | - |

**နောက်ဆက်တွဲ ( ခ )**

## မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

၁။ မော်တော်ယာဉ်စစ်ဆေးသူသည် ဦးစီးဌာနက မော်တော်ယာဉ်စစ်ဆေးခြင်းကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသူဖြစ်ရမည်။

၂။ မော်တော်ယာဉ်များအားစစ်ဆေးရာတွင် အောက်ပါအတိုင်း အဆင့်ဆင့် စစ်ဆေးဆောင်ရွက်ရမည်-

(က) စက်/ဘောင်ခဲခြစ်များ ရယူခြင်း၊

( ခ ) ယာဉ်စစ်ဆေးချက်ပုံစံ (ကမ-၄) တွင်ဖော်ပြပါရှိသော အချက်အလက်များအား မျက်မြင်စစ်ဆေး၍ မှတ်တမ်းရယူခြင်း၊

( ဂ ) ကမ-၃၊ RCMV ပါအချက်အလက်များနှင့် အမျိုးအမည်၊ အမျိုးအစား၊ စက်/ဘောင်ခဲခြစ်၊ ရုပ်ပုံသဏ္ဍာန်၊ အစိတ်အပိုင်း၊ အတိုင်းအတာ၊ Model Year တို့နှင့်ကိုက်ညီမှုရှိ/မရှိ၊

(ဃ) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ရုံးအမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတို့နှင့် ညီညွတ်မှု ရှိ/ မရှိ၊

( င ) အမျိုးအစား၊ ဆေးရောင်၊ စက်၊ ကိုယ်ထည်၊ အစိတ်အပိုင်း၊ အတိုင်းအတာ စသည့်ဖြင့် ပြုပြင်ပြောင်းလဲထားခြင်းများ ရှိ/မရှိ၊

( စ ) မီးစနစ်၊ ဘရိတ်စနစ်၊ ပဲ့ကိုင်စနစ်၊ မီးခိုးထုတ်စနစ်၊ ကိုယ်ထည်၊ တာယာနှင့်ဘီးများ ကောင်းမွန်စွာ အသုံးပြုနိုင်မှု ရှိ/မရှိ၊

(ဆ) လေကာမှန်များ၊ နောက်ကြည့်မှန်၊ ရေသုတ်ကိရိယာ၊ ဟွန်း၊ ထိုင်ခုံခါးပတ်များ၊ အကာအကွယ်တန်းများ ပြည့်စုံမှုရှိ/မရှိ၊ ကောင်းမွန်စွာ အသုံးပြုနိုင်မှု ရှိ/မရှိ၊

( ဇ ) ခရီးသည်တင်ယာဉ်များတွင် အရေးပေါ်ထွက်ပေါက်နှင့် အရေးပေါ်အချိန် အသုံးပြုနိုင်သည့် မှန်ခွဲသည့်တူ (Emergency Hammer) အလွယ်တကူ အသုံးပြုနိုင်ခြင်း ရှိ/မရှိ၊ သတ်မှတ်ထိုင်ခုံအရေအတွက်ထက် ပိုမိုတပ်ဆင်ထားခြင်း ရှိ/မရှိ၊

( ဈ ) သတ်မှတ်ထားသော မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ထားသော ရောင်ပြန်အမျိုးအစားများ မှန်ကန်စွာ တပ်ဆင်ထားခြင်း ရှိ/ မရှိနှင့် မီးသတ်ဆေးဘူးများ ကောင်းမွန်စွာ အသုံးပြုနိုင်မှု ရှိ/မရှိ၊

(ည) ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ သယ်ဆောင်သည့်မော်တော်ယာဉ်များတွင် ယာဉ်အမှတ်အသား၊ ကွန်တိန်နာအမှတ်အသား၊ တိုင်ကီအမှတ်အသားများ ပြည့်စုံစွာ တပ်ဆင် ထားခြင်း ရှိ/မရှိ။

၃။ ယာဉ်အမျိုးအစားပေါ် မူတည်၍ အောက်ပါတို့ကိုစစ်ဆေးရမည် -

(က) Container Carrier Rigid Vehicle

- Locking Device ၊ ကြမ်းခင်းနှင့် အောက်ခံသံဘောင် (Side Rails & Cross Member) တန်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ/မရှိ၊

( ခ ) Container Carrier Trailer

- Locking Device, King Pin, Hydraulic Jack, ကြမ်းခင်းနှင့် အောက်ခံသံဘောင် (Side Rails & Cross Member) တန်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ/မရှိ၊

( ဂ ) Box & Refrigerated Van

- Refrigerator Piping Line များ၊ ဘေး/နောက် အဖွင့်အပိတ်တံခါးများ၊ ကြမ်းခင်းနှင့် အောက်ခံသံဘောင် (Side Rails & Cross Member) တန်းများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ/မရှိ၊

(ဃ) Bowser & Tank Trailer

- တင်ဆောင်မည့် ပစ္စည်းအမျိုးအစားပေါ်မူတည်၍ သတ်မှတ်ထားသည့် Manhole, Reinforcement, Safety Valve, Bottom Valve, piping Line, Emergency Valve, Earth Real Wire, Dangerous Goods Labels & Markings များ ပါဝင်မှု ရှိ/မရှိနှင့် ကောင်းမွန်စွာလုပ်ဆောင်နိုင်ခြင်းရှိ/မရှိ၊

၄။ မော်တော်ယာဉ်စစ်ဆေးသူသည် အထက်ပါစစ်ဆေးတွေ့ရှိချက်များ၊ ပြုပြင်ပြောင်းလဲခြင်းများကို ယာဉ်စစ်ဆေးချက်ပုံစံတွင် မှတ်ချက်ပြုရေးသားဖော်ပြပြီး အတည်ပြုလက်မှတ်ရေးထိုးကာ တာဝန်ခံအင်ဂျင်နီယာထံ ဆက်လက်တင်ပြရမည်။

၅။ တာဝန်ခံအင်ဂျင်နီယာမှ စစ်ဆေးတွေ့ရှိချက်များ၊ မှတ်ချက်ပြုဖော်ပြချက်များအပေါ် ချိန်ဆုံသုံးသပ်၍ ခွင့်ပြုနိုင်ပါက စစ်ဆေးအောင်မြင်ပြီးကြောင်း အတည်ပြုလက်မှတ်ရေးထိုးရမည်။ ခွင့်မပြုနိုင်သော

ပြုပြင် ပြောင်းလဲခြင်းများ စစ်ဆေးတွေ့ရှိရပါက ပြန်လည်ပြုပြင်ရမည့်အချက်များအား မှတ်ချက်ပြု ဖော်ပြ၍ ပြန်လည်ပြုပြင်စေရမည်။

၆။ ယာဉ်စစ်ဆေးအောင်မြင်ပြီးသော မော်တော်ယာဉ်များအား မှတ်တမ်းဓာတ်ပုံ – ၃ ပုံ(ရှေ့၊ နောက်၊ ဘေး) ရယူရမည်။

၇။ မော်တော်ယာဉ်အမျိုးအစားအလိုက်သတ်မှတ်ချက်များ

(က) ခရီးသည်တင်ယာဉ် (ယာဉ်မောင်းအပါအဝင် ခရီးသည် (၁၀) ဦးမှ (၅၀) ဦးထိ၊ Double Decker Bus ခွင့်မပြု)၊

( ခ ) ကုန်တင်ယာဉ် (GVW > 3500 Kg)၊

( ဂ ) ချိတ်တွဲယာဉ် (ချိတ်ဆွဲယာဉ်+နောက်တွဲယာဉ်) (GVW ≤ 49000 Kg)၊

(ဃ) ဆီသယ်နောက်တွဲယာဉ် (ဝင်ဆံ့ဂါလံအရေအတွက် (အများဆုံး) – 9600 Gallons)။

၈။ Motor Vehicle Requirement Standard

(က) Brake Minimum Efficiency – 50%၊

( ခ ) Side Slip – (–5 to +5) (m/km)၊

( ဂ ) မီးခိုးထုတ်လွှတ်မှုဆိုင်ရာစံနှုန်းသတ်မှတ်ချက်

(၁) ဓာတ်ဆီအင်ဂျင်သုံးယာဉ် – CO : 4.5 %, HC : 1200 ppm၊

(၂) ဒီဇယ်အင်ဂျင်သုံးယာဉ် – k : 3.0 $m^{-1}$ (With Turbo), k : 2.5 $m^{-1}$ (Without Turbo)။

နောက်ဆက်တွဲ ( ဂ )

## ဘေးအန္တရာယ်ရှိသောကုန်ပစ္စည်းများ (Dangerous Goods) ကို နိုင်ငံဖြတ်သန်းသယ်ယူပို့ဆောင်ခြင်း အပါအဝင် နိုင်ငံဖြတ်သန်း ကုန်စည်နှင့်ခရီးသည်များ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးနှင့် ပတ်သက်၍ သိရှိထားသင့်သည့် ဥပဒေနှင့်နည်းဥပဒေများ၊ သဘောတူစာချုပ် မူရင်းများနှင့်ဘာသာပြန်များ

၁။ အာဆီယံနိုင်ငံဖြတ်ကျော်သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ် (AFAFGIT) ၏ မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၂။ AFAFGIT ၏ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်သက်ဆိုင်သော အခြေပြစာချုပ်ငယ်များဖြစ်သည့် အခြေပြစာချုပ်ငယ် (၃) : ကုန်းလမ်းပို့ဆောင်ရေးမော်တော်ယာဉ်များ၏ အမျိုးအစားနှင့်အရေအတွက်၊ အခြေပြစာချုပ်ငယ် (၄): မော်တော်ယာဉ်များ၏ စက်မှုပိုင်းဆိုင်ရာလိုက်နာရမည့်အချက်များနှင့် အခြေပြစာချုပ်ငယ် (၉): ဘေးအန္တရာယ်ရှိသော ကုန်စည်များ၏ မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၃။ အာဆီယံနိုင်ငံအချင်းချင်း နိုင်ငံဖြတ်ကျော်သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးမူဘောင်သဘောတူစာချုပ် (AFAFIST) ၏ မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၄။ အာဆီယံနိုင်ငံဖြတ်သန်း ခရီးသည်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ် (ASEAN CBTP) ၏ မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၅။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်စည်နှင့် ခရီးသည်တင်စီးပွားရေးသုံးမော်တော်ယာဉ်များအတွက် ထုတ်ပေးထားသော ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် (VIC) ကို အပြန်အလှန်အသိအမှတ်ပြုရေးသဘောတူစာချုပ်၏ မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၆။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှထုတ်ပေးသော ပြည်တွင်းယာဉ်မောင်းလိုင်စင်များအား အပြန်အလှန်အသိအမှတ်ပြုရေးသဘောတူစာချုပ် (Domestic Driving License) ၏ မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၇။ မဟာမဲခေါင်ဒေသခွဲအတွင်း လူနှင့်ကုန်ပစ္စည်းများ နိုင်ငံဖြတ်ကျော်သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး မူဘောင်သဘောတူစာချုပ် (GMS CBTA) ၏ မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၈။ GMS CBTA ၏ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်သက်ဆိုင်သော နောက်ဆက်တွဲစာချုပ်ငယ်များဖြစ်သည့် နောက်ဆက်တွဲစာချုပ်ငယ် (၁): ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများသယ်ဆောင်ခြင်း၊ နောက်ဆက်တွဲစာချုပ်ငယ်(၂): အပြည်ပြည်ဆိုင်ရာသွားလာမည့်ယာဉ်များအား မှတ်ပုံတင်ခြင်း၊ နောက်ဆက်တွဲစာချုပ်ငယ် (၇): ယာဉ်သွားလာမှုဆိုင်ရာ နည်းဥပဒေနှင့်အမှတ်အသားများနှင့် နောက်ဆက်တွဲစာချုပ်ငယ်(၁၆) : ယာဉ်မောင်းလိုင်စင်ဆိုင်ရာကန့်သတ်ချက်များ၏ မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၉။ Dangerous Goods နှင့်စပ်လျဉ်းသည့် ရုံးအမိန့်/ညွှန်ကြားချက်များနှင့် Convenience Translation ။

၁၀။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ (၂၀၂၂ ခုနှစ်) တွင်ပါရှိသည့် Cross – Border Transport ဆိုင်ရာ ပြဋ္ဌာန်းချက် အခန်း (၈) : နယ်စပ်ဖြတ်ကျော်ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင် Convenience Translation ။

၁၁။ ASEAN CBTP (Implementation Guidelines) နှင့်စပ်လျဉ်း၍ "ပို့ဆောင်ရေးအရာရှိများအတွက် လက်စွဲစာစောင် (Procedures Manual for Transport Officials)" မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၁၂။ AFAFIST နှင့်စပ်လျဉ်း၍ ပုဂ္ဂလိကကဏ္ဍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လုပ်ထုံးလုပ်နည်းလက်စွဲ (Procedures Manual for ASEAN Private Sector Transporters)" မူရင်းအင်္ဂလိပ်စာ Version နှင့် Convenience Translation ။

၁၃။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (၂၀၂၀ ပြည့်နှစ်) (မြန်မာ+အင်္ဂလိပ်)။

၁၄။ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ (၂၀၂၂ ခုနှစ်)။

နောက်ဆက်တွဲ (ဃ)

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည့် Email နှင့် Viber ဖုန်းနံပါတ်များ

| စဉ် | ရုံးအမည် | Mail Address | Viber Ph:No |
|---|---|---|---|
| ၁ | ရုံးချုပ် (နေပြည်တော်) | npwkanaoo@gmail.com | 09-261436262 |
| ၂ | နေပြည်တော်ရုံး | rtadnpw1@gmail.com | 09-420703084 |
| ၃ | ပြည်နယ်ရုံး (မြစ်ကြီးနား) | rtadkcn@gmail.com | 09-400039523 |
| ၄ | ခရိုင်ရုံး (ဗန်းမော်) | banmawrtad18@gmail.com | 09-452968371 |
| ၅ | ခရိုင်ရုံး (မိုးညှင်း) | rtadmohnyin@gmail.com | 09-420021239 |
| ၆ | ပြည်နယ်ရုံး (လွိုင်ကော်) | rtadkayar1@gmail.com | 09-882073366 |
| ၇ | ပြည်နယ်ရုံး (ဘားအံ) | rtadkayin@gmail.com | 09-448039008 |
| ၈ | ခရိုင်ရုံး (မြဝတီ) | rtadmyawaddy@gmail.com | 09-403297626 |
| ၉ | ခရိုင်ရုံး (ကော့ကရိတ်) | kawkareik.rta@gmail.com | 09-774055885 |
| ၁၀ | ပြည်နယ်ရုံး (ဟားခါး) | rtadchin1@gmail.com | 09-262460382 |
| ၁၁ | တိုင်းဒေသကြီးရုံး (စစ်ကိုင်း) မုံရွာ | rtadsgg2@gmail.com | 09-777318651 |
| ၁၂ | ခရိုင်ရုံး (စစ်ကိုင်း) | sggrtad@gmail.com | 09-5170309 |
| ၁၃ | ခရိုင်ရုံး (ရွှေဘို) | shwebortad@gmail.com | 09-401515710 |
| ၁၄ | ခရိုင်ရုံး (ကလေး) | rtadkalay@gmail.com | 09-780708924 |
| ၁၅ | ခရိုင်ရုံး (တမူး) | rtadtamusgg@gmail.com | 09-402201556 |
| ၁၆ | တိုင်းဒေသကြီးရုံး (ထားဝယ်) | rtadtvy@gmail.com | 09-453577486 |
| ၁၇ | ခရိုင်ရုံး (မြိတ်) | rtadmyeik@gmail.com | 09-259803213 |
| ၁၈ | ခရိုင်ရုံး (ကော့သောင်း) | rtadkawthaung@gmail.com | 09-421163984 |
| ၁၉ | တိုင်းဒေသကြီးရုံး (ပဲခူး) | rtadbgo@gmail.com | 09-5118650 |
| ၂၀ | ခရိုင်ရုံး (ပြည်) | rtadpyay1@gmail.com | 09-5376827 |
| ၂၁ | ခရိုင်ရုံး (တောင်ငူ) | rtadtgo23172@gmail.com | 09-428170398 |
| ၂၂ | ခရိုင်ရုံး (သာယာဝတီ) | tharyarwady.rtad@gmail.com | 09-457282257 |
| ၂၃ | တိုင်းဒေသကြီးရုံး (မကွေး) | rtadmge@gmail.com | 09-256312628 |
| ၂၄ | ခရိုင်ရုံး (ပခုက္ကူ) | rtadpku@gmail.com | 09-2301710 |
| ၂၅ | ခရိုင်ရုံး (မင်းဘူး) | minbu.rtad@gmail.com | 09-697775959 |
| ၂၆ | ခရိုင်ရုံး (သရက်) | rtadthayet@gmail.com | 09-961233548 |
| ၂၇ | တိုင်းဒေသကြီးရုံး (မန္တလေး) | rtadmdy@gmail.com | 09-43053028 |
| ၂၈ | ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) | rtadmdysouth@gmail.com | 09-426246236 |
| ၂၉ | ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) | rtadmdynorth@gmail.com | 09-444016446 |

| စဉ် | ရုံးအမည် | Mail Address | Viber Ph:No |
|---|---|---|---|
| ၃၀ | ခရိုင်ရုံး (မိတ္ထီလာ) | rtadmtla2@gmail.com | 09-799124063 |
| ၃၁ | ခရိုင်ရုံး (မြင်းခြံ) | rtadmgn@gmail.com | 09-792656715 |
| ၃၂ | ခရိုင်ရုံး (ကျောက်ဆည်) | rtadkse@gmail.com | 09-797781859 |
| ၃၃ | ခရိုင်ရုံး (ရမည်းသင်း) | rtadymt@gmail.com | 09-777617336 |
| ၃၄ | ခရိုင်ရုံး (ပြင်ဦးလွင်) | rtadpyinoolwin@gmail.com | 09-254307114 |
| ၃၅ | ပြည်နယ်ရုံး (မော်လမြိုင်) | rtadmme9@gmail.com | 09-421067099 |
| ၃၆ | ခရိုင်ရုံး (သထုံ) | rta.thahton@gmail.com | 09-5096163 |
| ၃၇ | ပြည်နယ်ရုံး (စစ်တွေ) | rtadrke1@gmail.com | 09-429207476 |
| ၃၈ | တိုင်းဒေသကြီးရုံး (ရန်ကုန်) | rtadygn01@gmail.com | 09-942067885 |
| ၃၉ | တိုင်းဒေသကြီးရုံး ခွဲ(ရွာသာကြီး) | 2017rtadytg@gmail.com | 09-5402542 |
| ၄၀ | ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း) | rtadygnwestkama@gmail.com | 09-256122870 |
| ၄၁ | ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) | rtadeastkamaygn@gmail.com | 09-421136609 |
| ၄၂ | ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) | rtadnorthygn@gmail.com | 09-443062061 |
| ၄၃ | ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) | rtadsouthygn@gmail.com | 09-250966469 |
| ၄၄ | ပြည်နယ်ရုံး (တောင်ကြီး) | rtadshnsouth@gmail.com | 09-41002683 |
| ၄၅ | ပြည်နယ်ရုံးခွဲ (အောင်ပန်း) | aungbanrtad@gmail.com | 09-895530109 |
| ၄၆ | ခရိုင်ရုံး (လွိုင်လင်) | rtadllm@gmail.com | 09-5250817 |
| ၄၇ | တွဲဖက်ပြည်နယ်ရုံး (လားရှိုး) | rtadshnnorth@gmail.com | 09-688994099 |
| ၄၈ | ခရိုင်ရုံး (မူဆယ်) | rtadmuse1@gmail.com | 09-788542636 |
| ၄၉ | ခရိုင်ရုံး (ကျောက်မဲ) | rtad.kme@gmail.com | 09-972649200 |
| ၅၀ | တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ) | rtadshnktg@gmail.com | 09-428219217 |
| ၅၁ | ခရိုင်ရုံး (တာချီလိတ်) | rtatck@gmail.com | 09-5241064 |
| ၅၂ | တိုင်းဒေသကြီးရုံး (ပုသိမ်) | rtadayy@gmail.com<br>computerpathein2019@gmail.com | 09-43053374 |
| ၅၃ | ခရိုင်ရုံး (မအူပင်) | maubinrtad@gmail.com | 09-263558618 |
| ၅၄ | ခရိုင်ရုံး (ဟင်္သာတ) | rtad.hinthata@gmail.com | 09-771151311 |
| ၅၅ | ခရိုင်ရုံး (ဖျာပုံ) | rtadphyapon@gmail.com | 09-973276647 |